# “ကျေးဇူးတင်ပါတယ် စိုးစိုးရယ်”



# အမှာစာ

ဒီစာအုပ်မှာ လူငယ်လူရွယ်တွေ ကြုံရလေ့ရှိတဲ့ အကြောင်းအရာများ၊ အခက်အခဲများ၊ ဖြေရှင်းပုံများကို ဖတ်လမ်းဖြစ်အောင်ပြုစုထားပါတယ်။

ဒီစာအုပ်ကိုဖတ်ပြီး နောက်ဆက်တွဲမေးခွန်းတွေကို ဖြေကြည့်ခြင်း၊ လူငယ်အချင်းချင်း စုပေါင်းဆွေးနွေးခြင်းများ ပြုလုပ်ကြဖို့လဲ မေတ္တာရပ်ခံပါတယ်။

လူငယ်များဘဝတွက်တာသိမှတ်စရာတွေ တိုးတက်လာအောင် ဖတ်လမ်းကို သေသေချာချာ ဖတ်ပါ။ နောက်ဆက်တွဲမေးခွန်းတွေကို ဖြေကြည့်ပါ။ သိရှိလာတဲ့ အသိပညာ၊ သတင်းအချက်အလက်တွေကို နေ့စဉ်ဘဝမှာပြန်လည်ပြီး လက်တွေ့အသုံးပြုပါ။

အခက်အခဲပြဿနာတွေကို လူငယ်တို့ ရင်ဆိုင်ဖြေရှင်းနိုင်စေဖို့ ဒီစာအုပ်က ဘဝလမ်းညွှန်အဖြစ် အကူအညီ ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

မောင်နှမ (၅) ယောက်အနက် မိုးမိုးက အကြီးဆုံးပါ။ အဖေက လေဖြတ်နေတော့ အလုပ်မလုပ်နိုင်ပါ။ အမေလည်း ဈေးမရောင်းနိုင်တော့ဘဲ အဖေ့ကို ပြုစုစောင့်ရှောက်နေရတယ်။ ဒါကြောင့် မိသားစုစားဝတ်နေရေးကို မိုးမိုးက တာဝန်ယူဖြေရှင်းနေရတယ်။



တစ်နေ့ မိုးမိုးတို့ရွာကို အလုပ်ပွဲစားတစ်ဦးရောက်လာပြီး
ထိုင်းနိုင်ငံမှာ အလုပ်လုပ်ချင်တဲ့သူတွေကို ခေါ်ချင်တယ်။
အလုပ်သက်သာပြီး လုပ်ခလည်းများများရမယ်၊ စားဝတ်
နေရေး အတွက်လည်း တာဝန်ယူပေးမယ်လို့ ပြောတယ်။




““ငါအလုပ်သွားလုပ်ရင် မိသားစုအတွက်
ပိုအဆင်ပြေသွားမှာ၊ သွားချင်လိုက်တာ။
ဒါပေမယ့် အရင်သွားဖူးတဲ့ စိုးစိုးကို
သွားမေးရင်ကောင်းမယ်””


““ဟေ့ စိုးစိုး၊ အခုလာခေါ်တဲ့ ပွဲစားနဲ့ ထိုင်းမှာ ငါအလုပ်သွားလုပ်ချင်တယ်၊ နင်ဘယ်လို သဘောရသလဲ””
““ငါ့တုန်းကလည်း ယုံကြည်ရတဲ့ သူဌေးရှိတယ်၊ ဟိုရောက်ရင် စတိုးဆိုင်မှာ ဈေးရောင်းဖို့နဲ့ ကုန်ပစ္စည်းတွေကို ထုပ်ပိုးပေးရမယ်၊ လုပ်ခတွေလည်း အများကြီးရမယ်၊ နေဖို့၊ စားဖို့အတွက်လည်း တာဝန်ယူပေးမယ်၊ နားရက်တွေလည်း ပေးမယ်ဆိုပြီး ငါ့သူငယ်ချင်းက ငါ့ကို လာခေါ်တာဟ””


CocaCola
HUMAN
MONEY
““““ငါလည်း ငွေတွေ အများကြီးရပြီး ဆိုင်မှာပဲ
သက်သက်သာသာ လှလှပပ လုပ်ရမယ်ဆိုတော့
လိုက်သွားတာပေါ့””””
““““ဟိုရောက်တော့ စားသောက်ဆိုင်တစ်ဆိုင်မှာ
တစ်နေကုန် မနားတမ်း ပန်းကန်တွေ ဆေးရတယ်၊
ကြာတော့ အအေးပတ်ပြီး ညောင်းကိုက်လာတယ်၊
လုပ်အားခကလည်း နည်းနည်းပဲရတယ်””””




""နင်သွားမယ်ဆိုရင် လုပ်ခဘယ်လောက်ရမလဲ၊ တစ်နေ့ အလုပ်ချိန် ဘယ်လောက် လုပ်ပြီး ဘယ်လိုနေထိုင်စားသောက်ရမလဲ၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးမလား ဆိုတာတွေ သိထားဖို့ လိုတယ်၊ အခက်အခဲရှိရင် အကူအညီရမယ့် အဆက်အသွယ် တွေလည်း ရှာထားရမယ်၊ ထိုင်းမှာ နေထိုင်ခွင့်နဲ့ အလုပ်လုပ်ကိုင်ခွင့် လက်မှတ် ရ၊မရ မေးရမယ်""

""လုပ်အားခလည်း သိပ်မရ၊ အလုပ်ပင်ပန်းပြီး ဆေးဖိုးတွေ ကုန်နေမယ်ဆိုရင် အိမ်ကိုလည်း ပြန်ပေးနိုင်တော့မှာမဟုတ်ဘူး၊ ဒါဆို ငွေမိသားစု ပိုဒုက္ခရောက်လိမ့်မယ်"" လို့ မိုးမိုးက ပြောတယ်။



စိုးစိုးဆီက အပြန်မှာ မိုးမိုးဟာ အလုပ်အတွက် သေသေချာချာ စုံစမ်းတယ်။ ပွဲစားကိုလည်း နေရာ၊ လိပ်စာ အပြည့်အစုံ မေးယူလိုက်တယ်။ပြီးတော့ ပိုပြီးသေချာအောင် ရန်ကုန်မှာ ရှိတဲ့ ဦးလေး ဦးချမ်းသာကို စုံစမ်းခိုင်းတော့ မိုးမိုးပြောတဲ့ နေရာနဲ့ လိပ်စာက မရှိဘူးလို့ ဖုန်းဆက်တယ်။


ဒါကြောင့် မိုးမိုးလည်း မသွားတော့ပါဘူးလို့ ဆုံးဖြတ်ပြီး သူ့သူငယ်ချင်းတွေကိုလည်း အကျိုး အကြောင်း ရှင်းပြတယ်။
““““ဟဲ့၊ ဖြူဉ၊ ချစ်စုနဲ့ အိအိ၊ နင်တို့ ပွဲစားနောက်လိုက်ပြီး အလုပ်လုပ်မလို့ဆို၊ သူပေးတဲ့နေရာနဲ့ လိပ်စာကို ရန်ကုန်က ဦးလေးကို သေချာစုံစမ်းခိုင်းတော့ ရှာမတွေ့ဘူးဟဲ့။ အောက်လမ်းက ပို့တဲ့သူတွေပဲ ဖြစ်မယ်လို့ ပြောတယ်၊ ဒါကြောင့် နင်တို့လည်း မသွားသင့်ဘူးနော်””””


မိုးမိုးပြောပြလို့ ရွာက သူငယ်ချင်းတွေ လိုက်မသွားပေမယ့် အခြားရွာသား ၃/၄ ယောက် အလုပ်လုပ်ဖို့ လိုက်သွားကြတယ်။ နောက်တစ်လအကြာမှာတော့ ပွဲစားဟာ အလုပ်သမားတွေကို လိမ်လည်စုစည်းခဲ့လို့ အဖမ်းခံရတယ်ဆိုတာ သတင်းဂျာနယ်ထဲမှာ ဖတ်လိုက်ရတယ်။
““ ငါ့ ဆုံးဖြတ်ချက် မှန်သွားတယ်၊ ပိုက်ဆံရဖို့တစ်ခုတည်း စဉ်းစားပြီး လိုက်သွားရင် ငါ့ရဲ့ကျန်းမာရေးနဲ့ ဂုဏ်သိက္ခာ တွေပါ ထိခိုက်တော့မလို့၊ အောင်မယ်လေး တော်ပါသေးရဲ့ အင်း ... ငါ့ကို သေသေချာချာ ရှင်းပြလိုက်တဲ့ စိုးစိုးကို ကျေးဇူးတင်ကြောင်း သွားပြောလိုက်အုံးမယ်””
ပြီး



# “ကျေးဇူးတင်ပါတယ် စိုးစိုးရယ်”



၁။ လူကုန်ကူးမှုကာကွယ်ရေးနည်းလမ်းမျိုးစုံရှိတယ်။ ဘယ်နည်းက အထိရောက်ဆုံးလို့ သင်ထင် သလဲ။ ဘာကြောင့်လဲ။

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

၂။ လူကုန်ကူးမှုကာကွယ်ရေးလုပ်ငန်း ကျွမ်းကျင်အောင် သင်ဘယ်လို လေ့လာ၊ လေ့ကျင့်မလဲ။

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

၃။ အခြားနိုင်ငံ သွားအလုပ်လုပ်ပြီး ငွေအလွယ်တကူရှာမယ့် လူငယ်တွေကို ဘာအကူအညီတွေ ပေးနိုင်သလဲ။ သူတို့အတွက် သင် ဘာတွေလုပ်ပေးနိုင်သလဲ။

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------



# ကျေးဇူးတင်ရှိခြင်း

ဤစာအုပ်သည်လူငယ်များအတွက် ဘဝတွက်တာအခြေခံကျွမ်းကျင်မှုများရရှိစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရန် ရည်ရွယ်ပါသည်။ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာတန်ဆောင်အဖွဲ့UNICEFတို့ ပူးတွဲအကောင်အထည်ဖော်လျက်ရှိသည့် ရပ်ရွာအခြေပြုကျောင်းပြင်ပရောက်ကလေးများအတွက် စဉ်ဆက်မပြတ်တိုးချဲ့ပညာသင်ယူခြင်း အစီအစဉ်(EXCEL)တွင်ပါဝင်သောကလေးများကိုယ်တိုင်ပါဝင်ပြီး Mr.GregoryCarl (ဘဝတွက်တာအခြေခံကျွမ်းကျင်မှုပညာပေးခြင်း အစီအစဉ်အတိုင်ပင်ခံပုဂ္ဂိုလ်)၏ဦးဆောင်မှု၊ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ ကရုဏာမြန်မာလူမှုရေး အသင်း၊မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပြင်မဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊ သီရိမေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးသမအသင်း၊ တီးတိန်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ ကျောင်းပြင်ပမူလတန်းပညာရေး စသည်တို့မှပံ့ပိုးကူညီမှုဖြင့် ဖန်တီးထုတ်လုပ်ထားခြင်းဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အားသွန်ခွန်စိုက်ပါဝင်ခဲ့ကြသော ဇာတ်လမ်းပြုစုသူများဖြစ်ကြသည့် မဟီးမိုး (ဒီမောဆိုး)၊ မောင်ဖရီးရယ်(ဒီမောဆိုး)၊ မောင်ဂျပ်စတင်းငယ်ငယ်(ဒီမောဆိုး)၊ မဖြူအောင် (သထုံ)၊ မမီးပု(သထုံ)၊ မောင်ထွန်းအောင်ကျော်(သထုံ)၊ မရီရီဝင်း(လှိုင်သာယာ)၊ မောင်သန်းဇော် (လှိုင်သာယာ)၊ မောင်ဝင်းကိုကိုထွန်း(လှိုင်သာယာ)၊ မောင်မျိုးဇင်ခိုင်(လှိုင်သာယာ)၊ မောင်မျိုးဝင်းအောင် (လှိုင်သာယာ)၊ မောင်ဇေယျာလင်း(ကော့မှူး)၊ မခင်စောမူ(ကော့မှူး)၊ မခိုင်သဇင်မိုး(ကော့မှူး)၊နန့်ဥမ္မာထွေး(မြောင်းမြ)၊နော်အယ်ဒိုလား (မြောင်းမြ)နှင့် ဆရာ ဦးအောင်ကျော်ကျော်တို့အား ကျေးဇူးတင်ရှိပါသည်။

ထို့အပြင် ဤစာအုပ်ပြုစုရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတွင်လည်းကောင်း၊ ကွင်းဆင်းစမ်းသပ်မှုပြုလုပ်ရာတွင်လည်းကောင်း၊ ပါဝင်ကူညီပေးခဲ့သည့် ပညာတန်ဆောင်အဖွဲ့ဝင်များ၊ NGO အဖွဲ့ဝင်များ၊EXCELအဖွဲ့ဝင်များ၊ မြို့နယ်ကြီးကြပ်ရေးမှူးများ၊ ရပ်ရွာအဆင့်ကူညီပံ့ပိုးသူများနှင့် ကျောင်းပြင်ပကလေးများအားလုံးတို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

# ကျောင်းပြင်ပကလေးများ ကိုယ်တိုင်ပြုစုထားသော စာအုပ်များ



သရုပ်ဖော်ပန်းချီ.... ဆရာလေး

Australian Aid
DANIDA
EUROPEAN UNION
NORWEGIAN EMBASSY
UKaid from the British people
unicef unite for children